
# Panasonic

## အစိုအခြောက်သုံးအမျိုးသမီးအမွေးရိတ်စက်

## အသုံးပြုပုံလမ်းညွှန်ချက်များ

## မော်ဒယ်နံပါတ် ၀ **ES2082**



ဤပန်နာဆိုးနစ်ထုတ်ကုန်အားဝယ်ယူအားပေးသည့်အတွက်ကျေးဇူးတင်ပါသည်။

ဤယူနစ်အားအသုံးမပြုမီအောက်ပါလမ်းညွှန်ချက်များကိုပြည့်စုံစွာဖတ်၍နောင်တွင်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။

## အရေးကြီးသောအချက်အလက်များ

### ► အသုံးမပြုမီ

- စက်ကိုအသုံးမပြုမီနှင့်အသုံးပြုပြီးနောက်အသားအရေကိုသန့်ရှင်းအောင်ထားပါ။မသန့်ရှင်းပါကရောဂါကူးစက်ခြင်းနှင့်ရောင်ရမ်းခြင်းများဖြစ်နိုင်ပါသည်။
- နင်းခူများဖြစ်ခြင်း(သို့)အခြားအရေပြားရောဂါများရှိခြင်း၊အဖုအပိန့်များအနီကွက်ထခြင်း၊အသားအရေထိခိုက်လွယ်ခြင်း၊ရောဂါကူးစက်လွယ်ခြင်း၊သွေးကြောထုံးခြင်း၊ဆီးချိုရောဂါရှိခြင်းသွေးခဲတတ်ခြင်းစသည့်ရောဂါများရှိနေပါကကိရိယာကိုမသုံးပါနှင့်။
- ကိရိယာကိုရေကူးခြင်း၊အားကစားလုပ်ခြင်းမပြုလုပ်မီသုံးခြင်း၊မိသားစု(သို့)သူငယ်ချင်းများနှင့်မျှသုံးခြင်းသည်အသားအရေကိုဘက်တီးရီးယားများဝင်စေပြီးအသားအရေပျက်စီးခြင်း၊ရောင်ရမ်းခြင်းများဖြစ်စေပါသည်။
- အမွှေးမရိတ်ဘဲကိရိယာခလုတ်ဖွင့်ခြင်းသည်လက်အနာတရဖြစ်ခြင်း၊လည်ပတ်နေသည့်ဂီယာတွင်အမွှေးငြိခြင်း(သို့)စက်ချွတ်ယွင်းခြင်းများဖြစ်စေပါသည်။
- အောက်ပါအချက်များသည်အသားအရေပျက်စီးခြင်း အနာတရဖြစ်ခြင်း၊ရောင်ရမ်းခြင်း ၊နာကျင်ခြင်း၊သွေးထွက်ခြင်း၊အသားအရေထိခိုက်လွယ်ခြင်း(သို့)ပြင်းထန်သောနာကျင်မှုများကိုဖြစ်စေနိုင်ပါသည်။
  - အမွှေးရိတ်စက်အပြား(သို့)အသားအရေမထိခိုက်အောင်ကာကွယ်ပေးသည့်အခါကိရိယာကိုသုံးခြင်း
  - မျက်နှာ၊ လိင်အင်္ဂါ၊အသားမာများ၊ဝက်ခြံများ၊အမာရွတ်များအဖုအပိန့်အနီကွက်များ၊ဒဏ်ရာများ၊အရေပြားပျော့သောနေရာအပေါ်တွင်(သို့)နေရာအနားတွင်ကိရိယာကိုသုံးခြင်း
  - အသားအရေကိုတစ်နေရာတည်းတွင်ထပ်ခါထပ်ခါ ရိတ်ခြင်း(သို့)စက်ဖြင့်ဆတ်ခနဲထိုးခြင်း၊အားပြင်းပြင်းသုံး၍ရိတ်ခြင်း

– ရာသီမလာခင်နှင့်လာပြီးနောက် ၊ကိုယ်ဝန်ဆောင်ချိန်ကာလ၊ကလေးမွေးပြီးခလအကြာ၊ ဖျားနာချိန်နှင့်အသားအရေနေလောင်ထားချိန်တွင်ကိရိယာကိုသုံးခြင်း

ဤကိရိယာသည်အစို (သို့)အခြောက်သုံးအမွေးရန်အတွက်အသုံးပြုသည်။အောက်ပါသင်္ကေတများသည်အစိုသုံးအမွေးရိတ်စက်အတွက်ရည်ညွှန်းသည်။ဆိုလိုသည်မှာကိရိယာကိုရေချိုးကန် (သို့)ရေပန်းများတွင်အသုံးပြုနိုင်သည်။



## ► ဘေးကင်းလုံခြုံမှုကြိုတင်သတိပေးချက်များ

- အသားအရေမထိခိုက်အောင်ကာကွယ်ပေးသည့်အကာ(သို့) အမွေးရိတ်စက်ဓားပြားသည် ပျက်စီးနိုင်သောကြောင့်ကိရိယာကိုပြုတ်ကျခြင်း၊တိုက်မိခြင်းမရှိပါစေနှင့်။
- အမွေးရိတ်စက်အပြားရွေ့လျားခြင်းကြောင့်ဆူညံသံများထွက်လာခြင်းသည်ပုံမှန်ဖြစ်သည်။
- ကိရိယာကိုကလေးများ၊လူပမာများ၊မသန်စွမ်းသူများကိုမသုံးပါစေနှင့်။ကလေးများ၊လူပမာများ မသန်စွမ်းသူများ အနားတွင် သုံးပါက အနီးကပ်ကြီးကြပ်မှုလိုအပ်ပါသည်။
- အောက်ပါအချက်များသည်စက်ချွတ်ယွင်းမှုများကိုဖြစ်စေပါသည်။
  – ကိရိယာကိုသန့်ရှင်းရန်လက်သည်းဖျက်ဆေး၊ဘန်ဇင်း၊အရက်ပြန်စသည်တို့ကိုသုံးခြင်း
  – အပူချိန်မြင့်သည့်နေရာ(သို့)တိုက်ရိုက်နေရောင်ရသည့်နေရာများတွင်ကိရိယာကိုသုံးခြင်း
- အမွေးရိတ်စက်ပျက်စီးပါကသက်ဆိုင်ရာဆားဗစ်စင်တာနှင့်ဆက်သွယ်ပါ။

## ဓာတ်ခဲလဲလှယ်ခြင်း (ပုံ၁)

ဓားသွားလည်ပတ်နှုန်းနှေးလာပါကဓာတ်ခဲကိုအသစ်တစ်ခုနှင့်လဲလှယ်ပါ။


- ဓာတ်ခဲမလဲလှယ်မီ အမွှေးရိတ်စက်အတွင်းပိုင်းကိုရေမစိုစေရန်စက်ကိုခြောက်အောင်သုတ်ပါ။
- အားပျော့သောဓာတ်ခဲများနှင့်အမွှေးရိတ်ကိုမသုံးပါနှင့်။
- အမွှေးရိတ်စက်ကိုအချိန်အတော်ကြာအသုံးမပြုပါကဓာတ်ခဲကိုထုတ်ထားပါ။

၁ ခလုတ်ကိုပိတ်သည့်အနေအထားတွင်ထား၍ဓာတ်ခဲအဖုံးကိုဖယ်ပါ။

၂ AAAအယ်ကာလီဓာတ်ခဲနှစ်လုံးကို ပုံတွင်ပြထားသည့်အတိုင်းထည့်ပါ။

၃ ဓာတ်ခဲအဖုံးကိုပြန်တပ်ပါ။

- ချက်ခနဲအသံကြားပါကအဖုံးကိုမှန်ကန်စွာတပ်ဆင်ပြီးကြောင်းသိနိုင်ပါသည်။



## အစို / အမြှုပ်အမွှေးရိတ်စက်

၁ အသားအရေကိုရေစွတ်ပါ။

၂ စက်အဖုံးကိုဖြုတ်၍ထိပ်ခေါင်းကိုတပ်ဆင်ပါ။

၃ အမွှေးရိတ်စက်ကိုချောမွတ်စွာရွေ့လျားနိုင်ရန် အမွှေးရိတ်အဖြားပေါ်တွင်ရေချိုးဆပ်ပြာရည်အနည်းငယ်ထည့်ပါ။

၄ အမွှေးရိတ်အပြားကိုရေစွတ်ပါ။


၅ ခလုတ်အဖွင့် / အပိတ်ကို ရွှေ့ပြီးအမွှေးရိတ်ပါ။

- အမြှုပ်များသည် အမွှေးရိတ်စက်ကို ပိုမိုကောင်းမွန်စွာရွှေ့စေနိုင်သောကြောင့်စက်ကိုလျင်မြန်စွာအသုံးပြုနိုင်ပါသည်။အမွှေးရိတ်စက်ကိုအသားအရေနှင့်ထောင့်မှန်အနေအထားတွင်ထား၍စက်နေးကွေးစွာရွှေ့လျားနေစဉ်ညင်သာစွာ ဖိချပါ။ စက်အားအသုံးပြုပြီးနောက်ဆပ်ပြာအကြွင်းအကျန်များကိုဖယ်ရန်အမွှေးရိတ်အပြားကိုသေချာစွာဆေးပါ။

### ► အခြောက်အမွှေးရိတ်ခြင်း

အသားအရေ (သို့) အမွှေးရိတ်အပြားကိုရေမစွတ်ဘဲ နှင့်လည်း အမွှေးရိတ်နိုင်ပါသည်။


## အမွှေးရိတ်ရာတွင်အကောင်းဆုံးရလဒ်များရရန်





**အမွှေးရိတ်စက်ကိုအသားအရေနှင့်ထောင့်မှန်ကျသောနေရာတွင်ထား၍အမွှေးရိတ်စက်နေး ကွေးစွာရွေ့လျားနေစဉ်ညင်သာစွာဖိချပါ။ (ပုံ ၂)**

- အကယ်၍သင်သည်အမွှေးမရိတ်သည်မှာကြာပါကပထမအကြိမ်အမွှေးမရိတ်ခင်အမွှေးများ ကိုအရင်ညှပ်ပါ။
- အမွှေးတိုများကိုနှုတ်ရန်အသားအရေကိုပွတ်ပါ။
(ကိရိယာကိုအသားအရေလျော့ရဲလွယ်သောနေရာများ(ဒူး နှင့်တံတောင်ဆစ်အပေါ်ပိုင်း)အ ပေါ်တွင်သုံးပါကအသားအရေတင်းမာသွားအောင်ဆွဲဆန့်ပြီးမှသုံးပါ။
- ၅မီလီမီတာ ထက်ရှည်သောအမွှေးများအတွက်ကိရိယာကိုမသုံးပါနှင့်။
- အမွှေးရိတ်ခြင်းကိုညနေဘက်တွင်လုပ်ပါ။ထိုမှသာနီမြန်းမှုများဖြစ်ပါကညတွင်းချင်းပျောက် နိုင်ပါမည်။အကယ်၍နာကျင်မှုခံစားရခြင်း၊အဖုအပိန့်အနီအကွက်များထွက်လာခြင်း များရှိ ပါကအသားအရေကိုမျက်သုတ်ပုဝါအေးဖြင့်သုတ်ပါ။
- အမွှေးငုတ်တိုများမထွက်လာစေရန်အသားအရေကိုနိုင်နယ်ပေးသည့်ရေမြှုပ်ဖော့များသုံး ခြင်း၊ဆဲလ်သေဖယ်ရှားခြင်းများ ပုံမှန်ပြုလုပ်သင့်ပါသည်။

## ► ကိရိယာကိုမှန်ကန်စွာရွှေ့ခြင်း (ပုံ ၃/၄)




## ခြေတံလက်တံများအတွက်အမွေးရိတ်စက်ထိပ်ခေါင်း (ခ)

(၁) ခြေ : ခြေထောက်အောက်ဘက်မှအပေါ်သို့ရိတ်ပါ။

(၂) လက် : လက်အပြင်ဘက်မှအတွင်းဘက်သို့ရိတ်ပါ။


(၃) လက်အပေါ်ပိုင်း : လက်အပေါ်ပိုင်း၏အောက်ခြေမှအပေါ်ဘက်သို့ရိတ်ပါ။

ဂျိုင်း၊ဘီကီနီလိုင်းအတွက်မွှေးရိတ်စက်ထိပ်ခေါင်း (ဃ)


(၄) ဂျိုင်း : ဂျိုင်းမွှေးများသည်လားရာအမျိုးမျိုးတွင်ပေါက်တတ်သောကြောင့်အမွေးရိတ်စက်ကိုနေရာသို့ရွှေ့ပါ။

(၅) ဘီကီနီလိုင်း : အသားအရေကိုဆွဲ၍အမွေးရှိသည့်နေရာများသို့အမွေးရိတ်စက်ဖြင့်ဖြည်းညှင်းစွာရိတ်ပါ။

- ကိရိယာကိုအရိပ်ကျသောနေရာတွင်သာသုံးပါ။ (ပုံ ၅)




## အမွေးရိတ်စက်ကိုသန့်ရှင်းစေခြင်း ( ပုံ ၆)




ကိရိယာကိုမသန့်ရှင်းမီခလုတ်ပိတ်ပါ။

- အမွေးရိတ်စက်ကိုသိမ်းဆည်းသည့်အခါအဖုံးများကိုအမြဲတပ်ဆင်ထားပါ။

## ► အမွှေးရိတ်စက်ကိုဆေးခြင်း

အမွှေးရိတ်စက်ထိပ်ခေါင်းများနှင့်အမွှေးရိတ်အပြားများကိုအသုံးပြုပြီးနောက်သန့်ရှင်းအောင်ထားပါ။

- စက်အားသန့်ရှင်းနေစဉ်အသားအရေမထိခိုက်အောင်ကာကွယ်ပေးသည့်အကာကိုမပျက်စီးအောင်သတိပြုပါ။

၁ စက်၏ထိပ်ခေါင်းဖြုတ်သည့်ခလုတ်ကိုနှိပ်ပြီးစက်ကိုယ်ထည်၏အရှေ့ဘက်နှင့်အနောက်ဘက်ရှိခလုတ်များပေါ်တွင်လက်ကိုထား၍ထိပ်ခေါင်းကိုဖြုတ်ပါ။

၂ ခလုတ်ကိုဖွင့်၍အမွှေးရိတ်အပြားပေါ်တွင်ရေအနည်းငယ်လောင်းပါ။

၃ အမွှေးများကိုဖယ်ရန်စက်၏ထိပ်ခေါင်းကိုရေဖြင့်ဆေးပါ။

- ကိရိယာကိုဆေးရာတွင်ရေနွေးကိုမသုံးပါနှင့်။

၄ ခလုတ်ကိုပိတ်၍ကိရိယာကိုအဝတ်ခြောက်ဖြင့်သုတ်ပါ။

## အမွှေးရိတ်စက်ကိုပေးထားသောဘရက်ရှ်ဖြင့်သန့်ရှင်းခြင်း

အမွှေးရိတ်စက်ထိပ်ခေါင်းကိုဘရက်ရှ်ဖြင့်လည်းသန့်ရှင်းနိုင်ပါသည်။

## အသေးစိတ်အချက်အလက်များ

| | |
|---|---|
| ဓာတ်ခဲများ | LR03(AAA)အယ်ကာလီခြောက်သွေ့ဆဲလ်ပါသောဓာတ်ခဲနှစ်လုံး (DC3V) (ခွဲရောင်း) |
| အလေးချိန် | ၁၀၈ ဂရမ် |

လေဆူညံနှုန်း :

ခြေတံလက်တံများအတွက်အမွှေးရိတ်စက်ထိပ်ခေါင်း : 73(dB(A)re 1pw)

ဂျိုင်း၊ဘီကီနီလိုင်းအတွက်အမွှေးရိတ်စက်ထိပ်ခေါင်း : 73(dB(A)re 1pw)

## အစိတ်အပိုင်းများကိုခွဲခြမ်းစိတ်ဖြာခြင်း(ပုံ ၇)

**က** စက်၏အကာအကွယ်ပေးသောအဖုံး


**ခ** ခြေတံ၊လက်တံများအတွက်အမွေး ရိတ်စက်ထိပ်ခေါင်း

- ① အမွေးရိတ်အပြား(အတွင်းပိုင်း)
- ② အသားအရေမထိခိုက်အောင်ကာ ပေးသည့်အကာ(အပြင်ဘက်မှ သတ္တုပိုင်း)

**ဂ** စက်၏ကိုယ်ထည်

- ③ အဖွင့်/အပိတ်ခလုတ်
- ④ ဓာတ်ခဲအဖုံး

**ဃ** ဂျိုင်း/ဘီကီနီလိုင်းအတွက်အမွေးရိတ် စက်ထိပ်ခေါင်း




### ► တွဲဖက်ပစ္စည်း

သန့်ရှင်းပေးသည့်ဘရက်ရှ်

(ပေးထားသောအပိုပစ္စည်းမှလွဲ၍အခြားအပိုပစ္စည်းများကိုမသုံးပါနှင့်။)

# Panasonic Electric Works Wanbao (Guangzhou) Co., Ltd.

No.33 Wanbao North Street Wanbao Industry Zone Zhong Cun Town,
Panyu City, Guangdong Province, 511495 China


ɔJ